**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၄၅ /၂၀၂၂

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

( ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် )

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိအောက်ဖော်ပြပါ မြို့နယ်များမှ ကျေးရွာများအား မြေပုံအဆင့်မြှင့်ရန် ထုတ်ပေးနိုင်ရန်အတွက် မြေတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေပုဒ်မ(၇)၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အုပ်ချုပ်ရေးမှူးများအား နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးများအား နယ်နိမိတ်ကြေငြာကြပ်မတ်ရေးအရာရှိ (Demarcation Officer) အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေး လိုက်သည်-

| စဉ် | ခရိုင် | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ | မြေဧရိယာ (ဧက) |
|---|---|---|---|---|---|
| ၁။ | ဥတ္တရ | တပ်ကုန်း | ညောင်လွန့် | ညောင်လွန့်အနောက် | ၁၄၆.၀၆ |
| ၂။ | ဥတ္တရ | တပ်ကုန်း | ရွာတော | ငွေးပင် | ၆၅.၂၆ |
| ၃။ | ပျဉ်းမနား | ပျဉ်းမနား | ကျွန်းဦး | ကျွန်းဦး | ၂၂.၀၀ |
| ၄။ | လယ်ဝေး | လယ်ဝေး | သော်မှော်ကုန်း | သော်မှော်ကုန်း | ၁၃၆.၀၅ |

အမိန့်အရ

ဝ်အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး